# သင်၏ ဥပဒေဆိုင်ရာ အခွင့်အရေးများကို သိပါ



Burmese | မြန်မာ

Hobart Community Legal Service
providing legal direction

migrant resource centre
tasmania

# အဖမ်းခံရလျှင်

| | |
|---|---|
| လုပ်ပါ | ယဉ်ကျေးပါ |
| လုပ်ပါ | သင့်အမည်၊ လိပ်စာ (နှင့် သင် လိုင်စင်ရ အဆောက်အအုံများတွင်ရှိနေလျှင် သင့်အသက်) ကို ပြောပါ။ |
| လုပ်ပါ | ရှေ့နေ သို့မဟုတ် တာဝန်ရှိသည့် လူကြီးအား ရဲစခန်းမှနေ၍ ဖုန်းဆက်ရန် တောင်းခံပါ။ (သင်သည် ၁၇ နှစ် သို့မဟုတ် ၎င်းအောက်အရွယ်ရှိလျှင် သင့်၌ ထိုကဲ့သို့ ဖုန်းဆက်ပိုင်ခွင့်ရှိသည်။ သင်သည် ၁၈ နှစ် သို့မဟုတ် ၎င်းအထက်အရွယ်ရှိလျှင် ရဲသည် အချို့သော အကြောင်းပြချက်များကြောင့် ထိုအခွင့်အရေးကို သင့်အား အချိန်ကာလ ၄ နာရီကြာကြာအထိ ငြင်းပယ်နိုင်သည်)။ |
| လုပ်ပါ | သင်သည် သင့်ရှေ့နေနှင့် စကားမပြောမပြီးမချင်း မည်သည့်မေးခွန်းကိုမျှ ဖြေဆိုမည်မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းပြောပါ။ |
| လုပ်ပါ | (သင့်အား ချုပ်နှောင်လိမ့်မည်ဆိုလျှင်) အချုပ်လွတ် အာမခံတောင်းပါ။ |
| မလုပ်ပါနှင့် | မရိုင်းစိုင်းပါနှင့် |
| မလုပ်ပါနှင့် | အဖမ်းခံရခြင်းကို မငြင်းဆန်ပါနှင့် |
| မလုပ်ပါနှင့် | ရှေ့နေနှင့် စကားမပြောမပြီးမချင်း မည်သည့်အရာအတွက်မဆို အပြစ်ရှိကြောင်း မဝန်ခံပါနှင့်၊ သင် တရားရုံးသို့ ရောက်သည့်အခါတွင် တာဝန်ကျ ရှေ့နေနှင့် တွေ့ဆုံခွင့်တောင်းပါ။ အခြားတစ်နည်းမှာ ရုံးအလုပ်လုပ်ချိန်အတွင်းဆိုလျှင် HCLS ၆၂၂၃ ၂၅၀၀ ကို ဖုန်းဆက်ပါ။ |
| အမေးခံရလျှင် | သင့်လက်ဝယ် မူးယစ်ဆေးဝါးများကို တွေ့ရှိရလျှင် ၎င်းတို့ကို သင် မည်သည့်နေရာမှ ရရှိခဲ့သည်ကို ထုတ်ဖော်ပြောရန် လိုအပ်သည်။ |

# အဖမ်းခံရလျှင်

သင် အဖမ်းမခံရသမျှကာလပတ်လုံး စစ်ဆေးမေးမြန်းခံရရန်အတွက် သို့မဟုတ် အခြားအကြောင်းပြချက်တစ်ခုခုအတွက် ရဲအရာရှိနှင့်အတူ မည်သည့်နေရာကိုမျှ သွားစရာမလိုပါ။ ခြွင်းချက်များမှာ သင် အရက် နှင့်/သို့မဟုတ် မူးယစ်ဆေးဝါး သောက်သုံးထား၊မထား စစ်ဆေးခံခိုင်းသည့်အခါဖြစ်သည်။ သင် စစ်ဆေးခံရန် ငြင်းဆိုခဲ့လျှင်မူ ရဲက သင့်အား ဖမ်းဆီးပိုင်ခွင့်ရှိသည်။

သင့်အား ဖမ်းဆီးလျှင် များသောအားဖြင့် သင့်အား ဖန်းဆီးနေကြောင်းပြောလိမ့်မည်။ သင် မသေချာလျှင် ရဲအရာရှိများအား မေးပါ။

ရဲက သင့်အား ဖမ်းဆီးလိုက်လျှင် သင့်အား စုံစမ်းမေးမြန်းရန်အတွက်သာ ထိန်းသိမ်းထားခွင့်ရှိသည်။ သင်သည် ၎င်းတို့၏ မေးခွန်းများကို ဖြေရန် သို့မဟုတ် ထွက်ဆိုချက်ပေးရန် မလိုပါ။ သင်သည် ၁၈ နှစ်အောက်အရွယ်ရှိပြီး ထွက်ဆိုချက်ပေးရန် ဆုံးဖြတ်ပါက၊ သင်နှင့်အတူ ဘက်လိုက်မှု မရှိသော ပုဂ္ဂိုလ်တစ်ဦးရှိနေရန် လိုအပ်၍ ထိုသူမှာ မည်သူဖြစ်နိုင်မည် (ဥပမာ ရှေ့နေ၊ လူငယ်များဆိုင်ရာ လုပ်သား သို့မဟုတ် မိဘ) ကို သင် ရွေးချယ်နိုင်သည်။

ရဲက သင့်အား မလွှတ်ပေးလျှင် သူတို့က သင့်အား ဖမ်းပြီးနောက် တရားသူကြီးရှေ့မှောက် အမြန်ဆုံး ခေါ်ဆောင်လာရမည်။

သင့်အား ဖမ်းဆီးနေခိုက် ဤကတ်ပြားကို မထုတ်ပြပါနှင့်။

## Hobart Community Legal Service

166 Macquarie Street
Hobart Tasmania 7000
ဖုန်း။ (03) 6223 2500

## Hobart Community Legal Service

Covehill Fair Shopping Centre
Bridgewater Tasmania 7030
ဖုန်း။ (03) 6263 4755

## Migrant Resource Centre Tasmania

Level 2, 1A Anfield St Glenorchy
Tasmania 7010
ဖုန်း။ (03) 6221 0999